# သဘောထားမတူသော အစ္စလာမ် အုပ်စုများနှင့် အနာဂါတ် အစ္စလာမ်

ခရစ်သက္ကရာဇ် ၂၀၀၉ ခု စက်တင်ဘာလ ၂၅ ရက်၊ အာရ်ဗီ ဟစ်ဂျရီ သက္ကရာဇ် ၁၄၃၀ ခု ရှောင်ဝါလ်လ ၆ ရက်၊

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်၏ ဂုဏ်တော်အားဖြင့်– အစပြုပါ၏။

ယုံကြည်သော ညီအစ်ကို မောင်နှမများနှင့် ခမ္မမိတ်ဆွေ အပေါင်းတို့ခင်ဗျား–

ကျွန်တော့ အနေနဲ့ ဒီနေ့ **ခွတ်ဗာ**ခေါ် ဗဟုသုတ ဖလှယ်ခြင်း အစီအစဉ်မှာ အစ္စလာမ်ခေါင်းစဉ်အောက်မှ သဘောထား ကွဲလွဲနေသူများနဲ့ အနာဂါတ် အစ္စလာမ် ဆိုတဲ့ ခေါင်းစဉ်ကို ကျွန်တော့ရှုဒေါင့်မှ တင်ပြမှာ ဖြစ်ပါတယ်။

ကမ္ဘာပေါ်ရှိ ဘယ်ဘာသာတရားရဲ့ ခေါင်းစဉ်အောက်မှာ မဆို ဂိုဏ်းကွဲတွေရှိတယ်၊ အယူကွဲတွေရှိတယ်ဆိုတာ အထူးရှင်းပြနေစရာလိုဘဲ အလိုလို သိနေပြီးသား ဖြစ်ပါတယ်။ အလားတူပါပဲ– နှစ်ပေါင်း ၁၅၀၀ နီးပါး ဖြတ်သန်းလာခဲ့ပြီ ဖြစ်တဲ့ အစ္စလာမ် သာသနာမှာလည်း သဘောထား မတူတဲ့ လူသားအုပ်စုတွေ ပေါ်ထွက်လာပြီး နောက်ပိုင်းမှာ ဂိုဏ်းတွေ အဖြစ် ဖြစ်လာခဲ့ပါတယ်။

သဘောထား မတူတဲ့ အစ္စလာမ် အသင်းအုပ်စုတွေကို ယေဘုယျအားဖြင့် (၁) ခေတ်ဟောင်း ဂိုဏ်းကွဲများနဲ့၊ (၂) ဖြာထွက်ဂိုဏ်းကွဲများနဲ့ (၃) ခေတ်သစ်ဂိုဏ်းကွဲများလို့ အုပ်စု သုံးစု သတ်မှတ်နိုင်ပါတယ်။

ခေတ်ဟောင်း ဂိုဏ်းကွဲများမှာ– (၁) ရှီယာအေ အလီ (၂) ခရာဂျိုက် (၃) ဆူဖီဇင် တွေ ဖြစ်ပါတယ်။

ဖြာထွက် ဂိုဏ်းကွဲများမှာ– (၁) ဝါဟာဘီ (၂) အလာဝီ (၃) အဟ်မဒ်ဒီယာ တို့က ထင်ရှားပြီး–

ခေတ်သစ် ဂိုဏ်းကွဲများကတော့– (၁) အခြေခံဝါဒီ၊ (၂) သဟဇာတဝါဒီတွေ ဖြစ်ပါတယ်။

**ခေတ်ဟောင်းဂိုဏ်းကွဲတွေထဲက** ရှီယာအေ အလီနဲ့ ခရာဂျိုက်တို့ဟာ နိုင်ငံရေး အုပ်ချုပ်မှုအာဏာ လုပွဲများကြောင့် ကွဲထွက်သွားရခြင်း ဖြစ်ပြီး– ခွဲထွက်စဉ်ကာလမှာ ဘာသာရေးအရ တွေးခေါ်ယူဆပုံခြင်း ကွဲလွဲမှုတွေ လုံးဝ မရှိခဲ့ပါ။ ကိုယ်တော် မုဟမ္မဒ် ပရိနိဗ္ဗာန်မပြုမီ အချိန်ကစပြီး အစ္စလာမ် အယူ၊ အစ္စလာမ်စနစ်၊ အစ္စလာမ် အုပ်ချုပ်ရေး၊ အစ္စလာမ် ငြိမ်ချမ်းရေး စည်းကမ်းချက်ကို လိုက်လားမက်မောလာတဲ့ ဒေသနီးစပ် တိုင်းပြည်များမှ လူထုရဲ့ ထောက်ခံမှု ကြိုဆိုမှုများကြောင့် အစ္စလာမ် ပြည်ထောင်စုကြီး ဖြစ်တဲ့ **အွမ္မတ်ဟ်** ဟာ နေ့ချင်းညချင်း ကျယ့်ပြန့်ကြီးမားလာခဲ့ပါတယ်။

ကိုယ်တော်မုဟမ္မဒ် ပရိနိဗ္ဗာန်ပြုပြီးနောက်ပိုင်းမှာ အရှိန်မသတ်နိုင်ဘဲ ကြီးမားကျယ်ပြန့်နေတဲ့– အစ္စလာမ် ပြည်ထောင်စုကြီးကို ထိန်းသိမ်း အုပ်ချုပ်ရမယ့် ကိစ္စတွေ ပေါ်လာတယ်။ အဲ့ဒီအချိန်မှာ မက္ကာဟ် နယ်သား မဒီနာနယ်သား စသည်ဖြင့် ဒေသစွဲ လူမျိုးရေးတွေ ပေါ်လာပြီး– မဒီနာနယ်သား အများစုက သာဝကကြီး အလီကို ထောက်ခံတဲ့ ရှီယာအေ အလီ လို့ ခံယူခဲ့ကြတယ်။ ဒီပြသနာများကို သမ္မတကြီး အဘူဘကရ်၊ သမ္မတကြီး အိုမရ်နဲ့ သမ္မတကြီး အွတ်ဆမန် လက်ထက်ထိ ထိန်းထားနိုင်ခဲ့ပါတယ်။

ဒါပေမယ့် သမ္မတကြီး အွတ်ဆမန်– သမ္မတရာထူးကို ဆက်ခံပြီး အစ္စလာမ်ပြည်ထောင်စုကြီးအား ဦးဆောင်နေတာကို ဘဝင်မကျတဲ့ မဒီနာ နွယ်ဘွားတွေက သမ္မကြီး အွတ်ဆမန်ကို လုပ်ကြံပြီး– နောက်ပိုင်းမှာ အလီကို သမ္မတ အဖြစ် ခန့်အပ်လိုက်ပါတယ်။

သမ္မကြီး အွတ်ဆမန်အား လုပ်ကြံတဲ့သူကို အရေးယူပေးရေး အတွက် ဆီးရီးယား အုပ်ချုပ်ရေးမှူး မုအာဝေယာနဲ့ သမ္မကြီး အလီတို့ သဘောထား ကွဲကြပါတယ်။ မုအာဝေယာရဲ့ တောင်းဆိုမှုတွေက မျှတ တယ်လို့မြင်ပေမယ့်၊ မုအာဝေယာကိုလည်း

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

မထောက်ခံတဲ့ သူတွေက သမ္မတကြီး အလီရဲ့ အုပ်ချုပ်မှုအောက်က ခွဲထွက်သွားကြပါတယ်၊ အဲ့ဒီလူအုပ်စုက ခရာဂျိုက် တွေ ဖြစ်လာခဲ့တယ်။ ခရာဂျိုက်တွေက သူတို့ရဲ့ ခေါင်းဆောင်ဟာ အဘူ ဘီလာဟ် မီဒါဟ် (အေဒီ ၆၈၁ ကွယ်လွန်) နဲ့ အဘူဟမ်ဇာ (အေဒီ ၇၄၇ ကွယ်လွန်) တို့ ဖြစ်တယ်လို့ ခံယူပါတယ်။ ဒီနေ့ထိ အိုမန်တို့ ဇန်ဘီယာတို့မှာ ခရာဂျိုက်တွေ ရှိနေပါတယ်။

နောက်ပိုင်းမှာ ခရာဂျိုက်တွေက သမ္မကြီး အလီကို လုပ်ကြံခဲ့တယ်၊ ဒီလုပ်ကြံမှုကို မကြေနပ်တဲ့ ရှီယာအေ အလီ ခေါ် အလီကို ထောက်ခံသူများက သူတို့ကိုယ်သူတို့ ရှီယာလို့ ခံယူကာ ခွဲထွက်သွားကြပါတယ်။

တကယ်တော့ ဒီကွဲလွဲချက်၊ သို့မဟုတ် အုပ်စုကွဲသွားရတဲ့ အကြောင်းရင်းတွေဟာ နိုင်ငံရေး ဩဇာအာဏာ လုမှုများကြောင့် လို့ ရိုးရိုးရှင်းရှင်း သုံးသပ်နိုင်ပါတယ်။

နောက်ပိုင်းမှာ အချင်းချင်း အုပ်စုကွဲ ဝါဒကွဲတွေက သူမှန် ငါမှန်ငြင်းရင်း– ဘယ်သူက ပိုပြီးမှန်တယ်ဆိုတဲ့ သက်သေပြချက်တွေ အတွက် ကိုယ်တော်မုဟမ္မဒ်ခေတ်က မိန့်ဆိုခဲ့တာတွေ၊ နေထိုင်ခဲ့တာတွေကို သမိုင်း ပြန်လှန်ကြတော့တယ်၊ အဲ့ဒီမှာ ကိုယ်တော်မုဟမ္မဒ်က ပြောခဲ့ပါတယ်ဆိုတဲ့ သမိုင်းစာအုပ်ပေါင်း များစွာ ပေါ်လာပြီး– တစ်ကျောင်း တစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်း ဆိုသလို ဒိသာပါမောက္ခ ဆရာကြီးဝါဒ ပေါ်ထွန်းလာခဲ့ပါတယ်။

ဒီမှာ သမိုင်းကျမ်းအားသန်တဲ့ ဆရာတော်ကြီးတွေက ကြီးစိုးလာပြီး ဟန်နဖီ၊ ရှာဖီ၊ ဟမ်ဘလီ၊ မာလီကီ လို့ သမိုင်းကြောရိုး လိုက် အုပ်စုတွေ ကွဲပြန်ပါတယ်။

ဒီလို လောကီရေးရာ အာဏာအတွက် ငြင်းခုံ ကွဲလွဲနေတာတွေကို ဘဝင်မကျတဲ့ လူသားတွေက ဝိပဿနာခေါ် ဇူဖီဇင် ကျင့်စဉ်တွေနဲ့ ပျော်မွေ့ဘို့ ကြိုးစားရင် ဇူဖီဇင်ဝါဒ ပေါ်လာပြန်ပါတယ်။ ဆူဖီဇင်တွေထဲမှာ ကာဒရီဂိုဏ်းက အဦးဆုံးဖြစ်ပြီး နောက်ပိုင်းမှာ နခ့်ချ်ဘန်ဒီယာ၊ ဖိရ်ဒေါင်စီယာ၊ စသည်ဖြင့် များစွာ ပေါ်လာခဲ့ပါတယ်။

**ဖြာထွက်ဂိုဏ်းကွဲတွေ**ထဲမှာ– ဝါဟာဘီ၊ အလာဝီ နဲ့ အဟာမဒ်ဒီယာတို့က ထင်ခြားတယ်။ **ဝါဟာဘီဝါဒက** အေဒီ ၁၇၀၀ အလယ်မှာ ပေါ်လာခဲ့ပြီး၊ အေမန်ဝဟာဗ်က ဦးဆောင်ခဲ့တယ်၊ သူတို့ရဲ့ အဓိက ကြွေးကြော်ချက်က မူဆလင်များသည် အဦး အစ အစ္စလာမ်ဝါဒကို ပြန်လည် လိုက်နာနေရေး လို့ ဖြစ်ခဲတယ်။ အဲ့ဒီဝါဒကို ဆော်ဒီအာရေဗီးယား ကျောထောက်နောက်ခံ ပေးခဲ့ပြီး– အာလ်အဇာဟာ ကဲ့သို့ အစ္စလာမ် တက္ကသိုလ်များမှာ ဩဇာသက်ရောက်လျှက် ရှိတယ်။

**အလာဝီ** တွေကတော့ ၁၂ပါး အေမာန် ရှီယာအုပ်စုက ကွဲထွက်လာတာ ဖြစ်တယ်။ သူတို့က လူပုဂ္ဂိုလ် ကိုးကွယ်ရေးဘက် ကို ဦးတည်နေတယ်လို့ ဆိုရပါမယ်။ သူတို့က ကိုယ်တော်မုဟမ္မဒ်၊ အလီနဲ့ စိုင်လိုင်မံနိုလ် ဖာရ်စီတို့ကို သုံးပါးတစ်ဆူ အဖြစ် ယုံကြည်လက်ခံပြီး– ၁၈၂၁ ခုနှစ်မှာ မွေးပြီး ၁၈၄၄ မှာ သူ့ကိုယ်သူ ၁၂ ပါးမြောက် အေမန်ဖြစ်တယ်လို့ ကြေငြာခဲ့ပြီး ၁၈၅၀ မှာ ကွပ်မျက်ခံရတဲ့ အလီမုဟမ္မဒ် ဆိုတဲ့ ပုဂ္ဂိုလ်နောက်ကို လိုက်ခဲ့သူတွေ ဖြစ်တယ်။ သူက သူ့ကိုယ်သူ ဘာ့ဘ် (တံခါးပေါက်) လို့ ခံယူခဲ့တယ်၊ နောက်ပိုင်းမှာ သူ့နောက်လိုက်တွေဟာ **အဇာလီ**နဲ့ **ဘဟာအီ**ဆိုပြီး ကွဲသွားခဲ့တယ်။ ကွဲထွက်လာတဲ့ **ဘဟာအီ**တွေက ဘဟာအူ လာဟာ ၁၂ပါးမြောက် အေမန်နဲ့ ခရစ်တော်အဖြစ် ပြန်လာသူ ဖြစ်တယ်လို့ ယုံကြည်ကြပြီး သူတို့ ကိုယ် သူတို့ မူဆလင် အဖြစ် မခံယူဘဲ ခွဲထွက်သွားခဲ့တယ်။ သူတို့ရဲ့ အဓိက ဗဟိုဌာနကတော့ အစ္စရေးလ်နိုင်ငံမှာ တည်ရှိနေ တယ်။ မြန်မာနိုင်ငံကိုလည်း မွတ်စတာဖါ ရူမီ ဆိုတဲ့ပုဂ္ဂိုလ်က ဒီအယူအဆကို တင်သွင်းလာခဲပါတယ်။ သူက ရန်ကုန်အနီး ကွမ်းခြံကုန်း ဒေသမှာ အဲ့ဒီအယူအဆကို စတင်ဖြန့်ချီခဲ့ပါတယ်။

**အဟာမဒ်ဒီယာ**– သူတို့မှာလည်း အခု **ကာဒယာနီ** နဲ့ **ဟာဟိုဒီ** ဆိုပြီး ဂိုဏ်းနှစ်ဂိုဏ်း ကွဲပြန်ပါတယ်။ ၁၈၇၉ မှာ အိန္ဒိယ နိုင်ငံ ပန်ဂျပ်ပြည်နယ်က ဂူလမ် အာဟာမဒ်က သူ့ကိုယ်သူ အောမန် မာဟ်ဒီလည်း ဖြစ် မေရှိယလည်း ဖြစ်တယ်ဆိုပြီး ခံယူကာ စတင်ခဲ့တယ်။ သူတို့က ခရစ်တော်ယေရှုဟာ လက်ဝါးကပ်တိုင်ကို အမှန်တကယ် အတင်ခံရပြီး၊ အသက်မသေဘဲ လက်ဝါးကပ် တိုင်က ပြန်ချပေးခြင်းကို ခံခဲ့ရတယ်၊ အဲ့ဒီက လွတ်မြောက်လာပြီး ကက်ရှ်မီးယား ဆရင်နဂါမြို့မှ ကွယ်လွန် မြုပ်နှံခဲ့တယ်လို့ ယုံကြည်ပါတယ်။ သူတို့က ဘဟာအီလို မူဆလင်ထဲက ခွဲထွက်တာ မဟုတ်ဘဲ၊ သူတို့ကိုယ်သူတို့ အစ္စလာမ် သာသနာဝင်များ

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အဖြစ်သာ ခံယူထားပါတယ်။ ဒါပေမယ့် ကာဒယာနီတွေက သူတို့ရဲ့ ဆရာဟာ နဗီတစ်ပါး ဖြစ်တယ်လို့ ကြေငြာခံယူခဲ့တယ်။ ဒါကြောင့် ပါကစ္စတန် အစိုးရကတော့ အဟာမဒ်ဒီယာထဲက ကာဒယာနီတွေကို အစ္စလာမ် မဟုတ်ဘူးလို့ ကြေငြာထားပါတယ်။ ကာဒယာနီတွေရဲ့ ဌာနချုပ်က အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှာ ရှိပါတယ်။ မြန်မာနိုင်ငံ ရန်ကုန်မြို့မှာလည်း ဌာနခွဲ ရှိနေပါတယ်။

ဆွန်နီခေါင်းစဉ်အောက်က ကွဲပြား နေတဲ့ ဟန်နဖီ၊ ရှာဖီ၊ ဟမ်ဘလီ၊ မာလီကီ တွေကလည်း သူတို့ရဲ့ ဂိုဏ်းခေါင်းစဉ်တွေကို ဖျောက်ပြီး စကားပြောလာတယ်၊ ရှီယာ ခေါင်းစဉ်အောက် ပညာတတ် မျိုးဆက်တွေကလည်း သူတို့ရဲ့ ဂိုဏ်းခေါင်းစဉ်တွေကို ဖျောက်လာကြတယ်၊ ခရာဂျိုက်တွေ ထဲကလည်း အီဘာဒီ ဆိုတဲ့ အုပ်စုကြီး ပေါ်လာပြီး ဂိုဏ်းခေါင်းစဉ်တွေကို ပါယ်ဖျက်လာခဲ့ပါတယ်။ မူဆလင် ညီနောင်ချင်း ညီညွတ်ရေးပေါင်းစည်းရေးကို ဦးတည်လာခဲ့ပါတယ်။

ဒါပေမယ့် လူသား သဘာဝ သဘောထား ကွဲလွဲမှုကတော့ ရှိနေပါသေးတယ်၊ ခေတ်သစ် ဂိုဏ်းကွဲများလို့ ဆိုရမှာ ဖြစ်တဲ့ ခြေခံဝါဒီနဲ့ သဟဇာတဝါဒီ ဖြစ်လာပါတယ်၊ အခြေခံဝါဒီနဲ့ သဟဇာတဝါဒီတွေ အကြား အချင်းချင်း အပြန်အလှန် အားမရမှုတွေ ရှိနေပါသေးတယ်။ သဟဇာတဝါဒီတွေက အခြေခံဝါဒီတွေဟာ နာရီကို ပြောင်းပြန်လှည့်ပြီး လွန်ခဲ့တဲ့ နှစ် ၇၀၀ကျော် ၁၃ ရာစုဆီကို ပြန်သွားနေတယ်လို့ မြင်ပါတယ်။ အခြေခံဝါဒီတွေက သဟဇာတဝါဒီတွေ ဆိုတာ– အနောက်ဘက်ယိမ်း အနောက်နိုင်ငံသားတွေကို အားကျ အတုခိုးနေသူတွေလို့ မြင်ပါတယ်။

ပညာအခြေခံနည်းတဲ့ အသိုင်းအဝိုင်းတွေမှာတော့– အခြေခံဝါဒီတွေက မိမိနဲ့ သဘောထားတဲ့ မတူတဲ့လူတွေကို– ကာဒယာနီ၊ ပရ်ဝေဇီ ဆိုတဲ့ စွပ်စွဲပြီး လူထုနဲ့ ဝေးအောင် ခွဲခြားထားတာမျိုးလည်း ရှိပါသေးတယ်၊ ဥပမာ– ကျွန်တော်တို့ မြန်မာနိုင်ငံ ဆိုပါတော့– အခြေခံဝါဒီများ ကြီးစိုးထားတဲ့ အသင်းအုပ်စုကြီးတွေက ကမ္ဘာကျော် သာသနာပြု ဆရာကြီး ဒေါက်တာဇာကီနိုက်ကိုတောင် ကာဒယာနီလို့ စွပ်စွဲပြီး ဝါဒဖြန့်တာမျိုး ရှိနေပါတယ်။ ကိုယ်တော်မုဟမ္မဒ်ကို နောက်ဆုံးပွင့် နဗီတမန်တော်လို့ လက်ခံ ယုံကြည်ထားသူတိုင်းကို ထိုသို့ မပြောဆိုသင့်ပါ။

ကျွန်တော့်ရဲ့အမြင်– ကျွန်တော့ရဲ့ သုံးသပ်ချက် အရတော့– အာဏာ ဆိုတဲ့ လောကီစည်းစိမ်ကြောင့်သာ ဖြစ်တယ်လို့ မြင်ပါတယ်။ ဒီလို ကွဲထွက်ခြင်းမှာ အစ္စလာမ်ထီးရိပ် ဖူးခြာရဲ့ ပြောရေးဆိုခွင့်ကို ရယူထားသူတွေမှာ တာဝန်မကင်းသလို– ခွဲထွက်ရေး ခေါင်းဆောင်တွေမှာလည်း အပြစ်မကင်းပါဘူး။ လူတွေဟာ အယူအဆ မတူညီနိုင်ကြဘူး၊ အဲ့ဒီအခါ ခံစားချက် မတူ အတွေးအခေါ်မတူသူရဲ့ တင်ပြချက် ဆွေးနွေးချက်တွေကို နှစ်ဦး နှစ်ဘက်လုံးက နားထောင်ပေးနိုင်တဲ့သတ္တိ၊ ညှိနှိုင်းတတ်တဲ့ အကျင့်တွေ ရှိဘို့လိုပါတယ်။

ဒါမှမဟုတ်ဘဲ– ငါပဲမှန်တယ်၊ ငါ့ယဉ်ကျေးမှုသည်သာ အစ္စလာမ်နဲ့ကိုက်ညီတယ်၊ ငါတို့ပဲ အစ္စလာမ်ပြောရေးဆိုခွင့်ကို ပိုင်ဆိုင်တယ်ဆိုပြီး လူများ တရားနိုင်ကိုဖက် အတ္တကြီးပြီး အခြားသူကို မဟုတ်မတရားတွေ စွပ်စွဲနေရင် ဂိုဏ်းတွေကွဲ စည်းလုံး ညီညွတ်မှုတွေ ပျက်ပြားရမှာ သေချာပါတယ်။

ကျွန်တော်တို့ လူငယ်မျိုးဆက် အနေနဲ့ မူဆလင်ညီအစ်ကို အချင်းချင်း ပုတ်ခတ်စွပ်စွဲချက်ကို ရှောင်နိုင်ပြီး၊ မိမိတို့ရဲ့ အနာဂါတ်အစ္စလာမ် အသိုက်အမြုံကြီး တိုးတက်ရေးဆိုတဲ့ စေတနာကို အပြည့်အဝထားကာ၊ အာဏာမမက်၊ နေရာမမက်၊ အနစ်နာခံခြင်း သက်သက်ဖြင့် အစ္စလာမ် သာသနာအောက်မှ ဂိုဏ်းခေါင်းစဉ်တွေကို မေ့ထားပစ်နိုင်ကာ နောင်အနာဂါတ်မျိုးဆက်တွေအတွက် ကောင်းမွန်တဲ့ လက်ဆင့်ကမ်းမှုတွေကို ပေးခဲ့သင့်ပါတယ်။ ပွင့်လင်းရိုးသားတဲ့ နှလုံးသား ပိုင်ရှင်တိုင်း စွမ်းဆောင် နိုင်ရမယ်လို့လည်း အပြည့်အဝ ယုံကြည်ပါတယ်။ ထိုသို့ လူသားများ အပေါ်သို့ အလ္လာဟ်အရှင်၏ ထံတော်မှ မေတ္တာ ကရုဏာ သက်ပါစေ။––

ငြိမ်းချမ်းသာယာကြပါစေဟု ဆန္ဒပြုရင်း

ဦးဌေးလွင်ဦး

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com